ဇွန် (၇)

"သင်တို့သည် အလိုရှိစေခြင်းငှါ အကျင့်ကျင့်စေခြင်းငှါ၎င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသော သူကား ဘုရားသခင်ပေတည်း။" (ဖိလိပ္ပိ ၂း၁၃)

**မြောက်**များစွာသော ခရစ်ယာန်တို့က ဖီလာဆန့်ကျင်လျက်သာ အယူဝါဒနှစ်ခု၏ သွန်သင်ခြင်းကိုခံရသည်။ ပထမတစ်ခုက ၎င်းတို့သည် သန့်ရှင်းမြင့်မြတ်သော သူမဖြစ်နိုင်၊ ပြည့်စုံခြင်းမရှိနိုင်ဟူ၍ဖြစ်ပြီး ဒုတိယတစ်ခုက ထိုသို့မဖြစ်မချင်း ကယ်တင်ခြင်းကို မရနိုင်ဆိုခြင်းပင်ဖြစ်သည်။ နှစ်ခုစလုံးက စာတန် ၏ ကိုယ်ပိုင်အယူဝါဒများပင် ဖြစ်သည်။ ထို့ကြောင့်လည်း မြောက်များစွာသော ခရစ်ယာန်တို့ ဘုရားရှင်အတွက် မည်သည့်အရာမဆိုဖြစ်လာရန် သို့မဟုတ် လုပ်ဆောင်ရန်ကြိုးစားမှုကို လက်မြှောက်အရှုံးပေးလိုက်ခြင်းက အံ့သြစရာမဟုတ်တော့ပါ။

သင်မလုပ်နိုင်သည်က အမှန်ပင်ဖြစ်သည်။ သင့်ကိုယ်သင် မကယ်တင်နိုင်သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ပြီးမြောက်ပြည့်စုံသည့် ခရစ်ယာန်တစ်ဦး၏ အသက်တာဖြင့် သင်အသက်မရှင်နိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ သင်သည် မကောင်းနိုင်ပါ သို့မဟုတ် မိမိကိုယ်တိုင် မည်သို့သောကောင်းမှုကိုမျှ မပြုနိုင်သည်မှာ အမှန်ပင် ဖြစ်သည်။ သခင်ယေရှုက "ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅) ဟုကိုယ်တိုင်မိန့်တော်မူခဲ့သည်။ သို့သော် ဤအကြောင်းအရာ၏ အံ့သြဖွယ်ရာ အမှန်တရားက သင်သည် သခင်ယေရှု၏ ကူညီမစမှုဖြင့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်သည် ဆိုခြင်းပင်ဖြစ်သည်။ "ငါ့ကိုခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃) သူ၏ အကူအညီဖြင့် သင်သည်မည်သည့် အရာကိုမဆိုလုပ်နိုင်သလို မည်သည့်အရပ်ကိုမဆိုသွားနိုင်ပြီး ဘုရားရှင်ကသင့်အား ဖြစ်စေချင်သည့်သူ မည်သူမဆိုဖြစ်လာနိုင်ပါသည်။

မိမိမဟုတ်သောသူ မိမိမဖြစ်နိုင်သောအရာဖြစ်လာရန် ကြိုးစားခြင်း သို့မဟုတ် ထိုသို့ဟန်ဆောင်ခြင်းကို ဘုရားရှင်သည် သင့်အားမပြုစေလိုပါ။ မည်သို့ဆိုစေ သူ၏ နှုတ်ကပတ်တော်က သူ၏အလိုတော်နှင့်အညီဖြစ်ပြီး မိမိတို့၌ ယုံကြည်ခြင်းရှိလျှင် မည်သူမဆိုဖြစ်လာနိုင်ကြောင်း သွန်သင်ထားရာ ဘုရားသခင် တတ်နိုင်တော်မမူသော အမှုမရှိ။ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်သည် ဖြစ်ခြင်းကြောင့်ပင်။ (လုကာ ၁း၃၇၊ မာကု ၉း၂၃)